ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် ၁၆၉/၂၀၁၉ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ 23 ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ-၂၅(ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဦးကျော်ဝင်းထွန်း

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ်- ၅(ခ)၊ စစ်ကိုင်းလမ်း၊ အမှတ် ၁၄ ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်၊ အမှတ်-၁၉၊ ၄၈ (၂ခ)၊ ဗဟိုလမ်းနှင့် နီလာလမ်းထောင့် ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

(၅) ဖွဲ့စည်းရာအရပ် မြန်မာ

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား အချိုရည်ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ဦးပိုင်အမှတ်-၇၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ အကွက်အမှတ် ဝ-၁၁၊ ဦးပိုင်အမှတ်- ၁၂၀၊ ၁၂၁၊ ၁၃၃၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ အကွက်အမှတ် လ-၁၀၊ (က) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၈) နိုင်ငံခြားမတည်ငွေရင်းပမာဏ မရှိ

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ မရှိ

(၁၀) စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်) ၅,၅၂၀.၀၀၀ သန်း

(၁၁) တည်ဆောက်မှု/ပြင်ဆင်မှုကာလ ၆ လ

(၁၂) အတည်ပြုမိန့် သက်တမ်း ၅၀ နှစ်

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက် (EUROPE & ASIA BEVERAGES COMPANY LIMITED)

Thaung Tun

(သောင်းထွန်း)

ဥက္ကဋ္ဌ

Form (5-A)

E000076

THE REPUBLIC OF THE UNION OF MYANMAR

Myanmar Investment Commission

ENDORSEMENT

Endorsement No. 169 / 2019 Dated 23 October 2019

This endorsement is issued by the Myanmar Investment Commission in accordance with Section 25 (d) of the Myanmar Investment Law.

(1) Investor Name U KYAW WIN TUN

(2) Citizenship MYANMAR

(3) Residential Address NO. 5B, SAGAING STREET, MYAKANTHAR HOUSING COMPLEX, WARD-14, HLAING TOWNSHIP, YANGON.

(4) Name and Address of Principal Organization EUROPE & ASIA BEVERAGES COMPANY LIMITED, NO. 19, 4 ZA (2-KHA), CORNER OF BAHO ROAD AND NILAR STREET, HLAING TOWNSHIP, YANGON

(5) Place of Incorporation MYANMAR

(6) Type of Business MANUFACTURING AND DISTRIBUTION OF BEVERAGES

(7) Place(s) of Investment Project HOLDING NO. 7, 12, 13, 14, 17, 18, BLOCK NO. WA-11, HOLDING NO. 120, 121, 133, 134, 135, 136, 137, 138, 139, BLOCK NO. LA-10, KA-WARD, PYIGYITAGON TOWNSHIP, MANDALAY REGION

(8) Foreign Capital Amount NIL

(9) Period for Foreign Capital to be brought in NIL

(10) Total Amount of Capital (Kyat) 5,520.000 MILLION

(11) Construction/ Preparation Period 6 MONTHS

(12) Validity of Endorsement 50 YEARS

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar EUROPE & ASIA BEVERAGES COMPANY LIMITED

Thaung Tun

(Thaung Tun)

Chairperson

Myanmar Investment Commission

8.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ် ၊ မရက- ၂/အ-၀၄၆/၂၀၁၉(၃၃၁)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ 23 ရက်

အကြောင်းအရာ။ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) မှ အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း အတည်ပြုမိန့်အပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆုံးဖြတ်ချက်

ရည်ညွှန်းချက်။ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) ၏ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်စွဲပါစာ

၁။ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) မှ ဦးပိုင်အမှတ်-၇၊ ၁၁၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ အကွက်အမှတ် ၀-၁၁၊ ဦးပိုင်အမှတ်- ၁၂၀၊ ၁၂၁၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ အကွက်အမှတ် လ-၁၀၊ (က) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရှိ စုစုပေါင်း မြေဧရိယာ ၁.၂၆၇ ဧက တွင် အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလွှာတင်ပြခြင်းအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေကို ကျင့်သုံးလျက် ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) အား အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ်၊ ၁၆၉/၂၀၁၉ ကို ထုတ်ပေး လိုက်သည်။

၂။ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဖက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထား သည့် ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။

(ခ) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန် ဝတ္တရားများနှင့်အညီ လိုက်နာ ဆောင်ရွက် ရမည်။

(ဂ) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် အဆိုပြု လုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန် ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် အဆိုပြု လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေး အန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး စနစ်များကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည် ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် များနှင့် အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(င) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရမည်။

(စ) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ အတည်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရရှိထားသော

ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး နောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်)ဆိုဒ်သို့ တင်ပြရမည်။

(ဆ) ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း လုပ်ငန်း အစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ်တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၆၅ (ဃ) အရ သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင်သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

၄။ ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited) သည် အဆိုပြုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရ ဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန်လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ ဆောင်ရွက်ချက်များနှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ (၅) စုံစီအား ကော်မရှင်သို့ ပေးပို့ရမည်။

Thaung Tun

(သောင်းထွန်း)

ဥက္ကဋ္ဌ

ဥရောပ အာရှ အဖျော်ယမကာ ကုမ္ပဏီ လီမိတက် (Europe & Asia Beverages Company Limited)

ဖြန့်ဝေခြင်း

ပြည်ထောင်စု အစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး
ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန